**FPB**
**First Private Bank**

# ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်

No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749 / 246 786

FAX : 095 -1- 242 320 / 250 148
Website : www.firstprivatebank.com.mm

e-mail : hofirst.office@fpb.com.mm
admindept.ho@fpb.com.mm


## ရန်ကုန်စတော့အိတ်ချိန်း၌ အစုရှယ်ယာရောင်းဝယ်မှုများ ခေတ္တရပ်ဆိုင်းမည် ဖြစ်ကြောင်းနှင့် အစုရှယ်ယာမှတ်ပုံတင်စာရင်း( Members of Register)အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားခြင်း

ရက်စွဲ။ ။၃၀.၁၂.၂၀၂၂

**ပထမပုဂ္ဂလိကဘဏ်လီမိတက်**၏ ဒါရိုက်တာအဖွဲ့က ၂၀၂၂ **ခုနှစ်၊ ဇွန်(၁၅)ရက်** နေ့တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့(ဇွန်-လလယ်)အစည်းအဝေးတွင် ဘဏ်၏ သင်းဖွဲ့မှတ်တမ်း အပိုဒ်(၅)နှင့်အညီ ကုမ္ပဏီ၏ လက်ရှိ အစုရှယ်ယာ တစ်စုအား ဆယ်စုအဖြစ်သို့ ရှယ်ယာ ခွဲခြမ်းခြင်း (Split)ပြုလုပ်ရန် အတွက် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့လည်း ခွင့်ပြုချက် တောင်းခံခဲ့ရာ မြန်မာနိုင်ငံတော်ဗဟို ဘဏ်မှ (၂၄-၁၁-၂၀၂၂) **ရက်စွဲပါ စာအမှတ်။** ။ ၁၅၁၅ / ကက(၁) / ၃ / ၅၀၉ /၂၀၂၂-၂၀၂၃ ဖြင့် ခွင့်ပြု ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတည်ပြုပြီးသော ရှယ်ယာခွဲခြမ်းရန် အဆိုပြုချက်အား ၂၀၂၂ **ခုနှစ် ၊ ဒီဇင်ဘာလ(၁၈)ရက်**နေ့တွင် ကျင်းပပြီးခဲ့သော **ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၁)ကြိမ်မြောက် အထူး အစည်းအဝေး**တွင် တင်ပြခဲ့ရာ အစုရှယ်ယာရှင်အများစုက သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ရှယ်ယာခွဲခြမ်းခြင်း(Split) ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ (၃၇)အား လိုက်နာလျှက် ပထမပုဂ္ဂလိကဘဏ်လီမိတက် အစုရှယ်ယာ မှတ်ပုံတင်စာရင်း **(Members of Register)**၏ စာရင်းရှိ အစုရှယ်ယာ လွှဲပြောင်းခြင်းအား **၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၁၀)ရက်နေ့မှ ဇန်နဝါရီလ(၁၃) ရက်နေ့အထိ** ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။ တချိန်တည်းမှာပင် ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာများကို ရန်ကုန် စတော့အိတ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်ခြင်း၊ အရောင်း အဝယ်မဟုတ်သော လွှဲပြောင်းခြင်း (Non-Exchange Transaction Transfer)များကိုလည်း ရပ်ဆိုင်းထားမည် ဖြစ်ပါသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာ ရောင်းဝယ်မှုများကို **၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက်**နေ့မှ စ၍ ရှယ်ယာခွဲခြမ်း(Split)ပြီးသောအခြေအနေဖြင့် ပြန်လည်စတင်မည်ဖြစ်ပါသည်။

အစုရှယ်ယာ ခွဲခြမ်းပြီးနောက် ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ထုတ်ဝေပြီးသော အစုရှယ်ယာ စုစု ပေါင်းမှာ(၂,၄၇၂,၀၅၃)စု မှ (၂၄,၇၂၀,၅၃၀) စု သို့ လည်းကောင်း၊ အစုရှယ်ယာတစ်စုချင်းစီ၏ ကနဦးသတ်မှတ် တန်ဖိုး(Nominal Value) မှာလည်း **ကျပ်-၁၀,၀၀၀ (ကျပ်တစ်သောင်း )** မှ **ကျပ်-၁,၀၀၀ (ကျပ်တစ်ထောင်)**သို့ လည်းကောင်း ပြောင်းလဲသွားမည် ဖြစ်ပါသည်။

**အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ အရေးကြီးသော ရက်များအား အစုရှယ်ယာရှင်များ အနေဖြင့် သိရှိနိုင် ပါရန် တင်ပြပါသည်။**

| | |
|---|---|
| ၁။ ရှယ်ယာအရောင်းအဝယ်ပြုလုပ်ရမည့်နောက်ဆုံးရက် | ၂၀၂၃ခုနှစ် ၊ ဇန်နဝါရီလ (၉)ရက် |
| ၂။ အစုရှယ်ယာခွဲခြမ်းပေးဝေမည့်နေ့ | ၂၀၂၃ခုနှစ် ၊ ဇန်နဝါရီလ (၁၃) ရက် |
| ၃။ ရှယ်ယာအရောင်းအဝယ် ရပ်ဆိုင်းထားမည့်ရက် | ၂၀၂၃ခုနှစ် ၊ဇန်နဝါရီလ(၁၀)ရက် မှ (၁၃)ရက်နေ့ အထိ |
| ၄။ ရှယ်ယာအရောင်းအဝယ် ပြန်လည်စတင်မည့်နေ့ | ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ(၁၆) ရက် |

ရန်ကုန်စတော့အိတ်ချိန်းမှ အစုရှယ်ယာ ရောင်းဝယ်မှုအား ခေတ္တရပ်ဆိုင်းခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းစဉ်များအား ဆက်လက်အသိပေး ကြေငြာသွားမည် ဖြစ်ပါသည်။

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့